ayarunicodegroup.org

# ayar user guide

# ဧရာလက်စွဲစာအုပ်

ဧရာ မြန်မာ ယူနီကုဒ်အဖွဲ့

# မာတိကာ


၁။ စာလုံးမျိုးစုံနှင့် လက်ကွက်ထည့်သွင်းခြင်း 3

All Fonts and Keyboard Installation

ဧရာ ဗီဒီယို သရုပ်ပြအစီအစဉ်

(ayar keyboard installation) 9

၂။ ဧရာစာလုံး အသုံးပြုနည်း 10

၃။ ဧရာ ဗီဒီယို သရုပ်ပြအစီအစဉ်

(ဧရာယူနီကုဒ် စာလုံးဒီဇိုင်းများ) 11

၄။ ပရိုဂရမ်များတွင် စာရိုက်ခြင်း 11

၅။ ဧရာ ဗီဒီယို သရုပ်ပြအစီအစဉ်

(ဧရာစာလုံးများ ရိုက်ခြင်း) 15



**Author**

*Ayar*

**Title**

*Ayar User Guide*

**Publisher**

*Ayar Unicode Group*

**First Edition**
**March 2011**

# ayar user guide

## ၁။ စာလုံးမျိုးစုံနှင့် လက်ကွက်ထည့်သွင်းခြင်း
## All Fonts and Keyboard Installation


ဗမာနှင့် အခြား တိုင်းရင်းသား ဧရာစာလုံး ဒီဇိုင်းမျိုးစုံ၊ ဧရာလက်ကွက် software နှင့် ဧရာလက်ကွက်ပုံစံများကို တပြိုင်တည်းထည့်ရန် အတွက် လိုအပ်သည့် installer ကို ayarunicodegroup.org တွင် ဒေါင်းလုဒ်လုပ်ယူနိုင်ပါသည်။




ayarunicodegroup.org တွင် ရယူနိုင်သည့် Installer အမျိုးမျိုးကို အောက်ပုံပါ စာရင်းအတိုင်း တွေ့နိုင်ပါသည်။ မိမိလိုအပ်ရာ installer ကို ဒေါင်းလုဒ် လုပ်ယူပါ။





ပြီးလျှင် ရရှိလာမည့် aime.exe ဖိုင်ကို မိမိစက်ထဲမှာ သိမ်းထားပြီး-



ပြီးလျှင် ၎င်း aime.exe ဖိုင်ကို မောက်စ်ဖြင့် ၂ ချက်နှိပ်ပါက-





အောက်ပါအတိုင်း စတင် install လုပ်မည်ဖြစ်ပါသည်။





Next ကိုဆက်နှိပ်သွားပါက -

software သုံးစွဲခွင့်နှင့်ပတ်သက်၍ သဘောတူကြောင်း ပြောမှသာ ဆက်လက် install လုပ်သွားမည် ဖြစ်ပါသဖြင့် I accept the agreement ကို ရွေးချယ်ရန်လိုပါသည်။





Next ကိုနှိပ်ပါက- software ထားရှိမည့်နေရာကိုမေးပါလိမ့်မည်။





အကယ်၍ ပြောင်းလဲရန် မလိုပါက၊ ၎င်းအတိုင်းထားပြီး Next ကို ဆက်နှိပ်သွားပါ။


ပြီးလျှင် Desktop ပေါ်တွင် icon (ပရိုဂရမ်အရုပ်) ထားလို-မလို မေးပါလိမ့်မည်။ Create a desktop icon ကိုရွေးချယ်ပြီး Next ကိုဆက်နှိပ်ပါ။





ပြီးလျှင် မိမိရွေးချယ်ခဲ့သည့် အပေါ်မှုတည်၍ ထားရှိမည့် နေရာစာရင်းကို အောက်ပါအတိုင်း ပြပါလိမ့်မည်။ ပြင်ဆင်ပြောင်းလဲလိုပါက Back ခလုပ်ကိုနှိပ်၍ ပြင်ဆင် နိုင်ပါသည်။ မှန်ကန်ပါက Install ခလုပ်ကို နှိပ်ပါ။




Install လုပ်ပါလိမ့်မည်။




Install လုပ်၍ ပြီးစီးပါက Finish ခလုပ်ကိုနှိပ်၍ စတင်သုံးစွဲနိုင်ပြီ ဖြစ်ပါသည်။



မိမိစက်တွင်း ထည့်သွင်းခဲ့သည့် ပရိုဂရမ်များ မှန်ကန်မှုရှိမရှိ သေချာစေရန် စက်ကို ပိတ်ပြီး၊ ပြန်ဖွင့်ပါ။ ပြီးလျှင် Startup Menu bar မှာ ရေှာ icon အရုပ်လေး (များပြထားသကဲ့သို့) ပေါ်နေပါက ထည့်သွင်းမှု မှန်ကန်ပါသည်။





## ရေှာ ဗီဒီယို သရုပ်ပြအစီအစဉ် (ayar keyboard installation)




# ၂။ ရောစာလုံး အသုံးပြုနည်း

အထက် အခန်း ၁ ပါ အတိုင်း install လုပ်ပြီးလျှင် ရောစာလုံးနှင့် keyboard ကို အသုံးပြုနိုင်ပါပြီ။ Microsoft Word နှင့် Adobe program များတွင် စာစမရိုက်မီ၊ Windows ၏ Menu bar တွင် ပေါ်နေသည့် ရော icon ကို mouse ဖြင့် ထောက်၍ ဘယ်ဖက် ခလုပ်ကို နှိပ်ပါက အောက်ပါ (ပုံ-၁) အတိုင်း တွေ့ရပါမည်။




ပုံ - ၁





ပုံ - ၂

(ပုံ–၁) ရှိ မြန်မာ menu တွင်ပြထားသကဲ့သို့ မိမိနှစ်သက်ရာ လက်ကွက်ကို ရွေးချယ်ပါက၊ သို့မဟုတ် short cut key တို့ကို နှိပ်ပါက သက်ဆိုင်ရာ ဘာသာရပ်အလိုက် keyboard များ သုံးစွဲနိုင်မည် ဖြစ်သည်။ ရော icon ကို mouse ဖြင့် ထောက်၍ ညာဖက် ခလုပ်ကို နှိပ်ပါက (ပုံ-၂) ပါ Manage Keyboards menuကို တွေ့ရပါမည်။ ၎င်းပုံတွင် ပြထားသည့်အတိုင်း Run at Startup ကိုနှိပ်ထားပါက စက်ပြန်ဖွင့်တိုင်း ရော လက်ကွက် ကို ဖွင့်စရာမလိုတော့ပဲ အဆင်သင့် သုံးစွဲနိုင်မည် ဖြစ်သည်။

How to ကိုနှိပ်ပါက စာလုံးအသုံးပြုပုံနှင့် ပတ်သက်၍ ရှင်းလင်းပြသည့် PDF ဖိုင်ကို ရရှိမည် ဖြစ်သည်။

## ၃။ ရော ဗီဒီယို သရုပ်ပြအစီအစဉ် (ရောယူနီကုဒ် စာလုံးဒီဇိုင်းများ)

ရောစာလုံးများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြထားသည့် ဗီဒီယို သရုပ်ပြ အစီအစဉ်ကို ကြည့်ရှုနိုင်ပါသည်။




---

## ၄။ ပရိုဂရမ်များတွင် စာရိုက်ခြင်း

မိမိကွန်ပြူတာတွင်ရှိ ပရိုဂရမ်များတွင် စာရိုက်ရန်အတွက် မိမိသုံးလိုသည့် စာလုံးအမျိုးအစားကို ရွေးချယ်ကာ စတင်ရိုက်နိုင်ပြီ ဖြစ်ပါသည်။ စာရိုက်ရန် လက်ကွက်များကို အောက်ပါပုံအတိုင်း နေရာချထားပါသည်။ လက်ကွက်များမှာ မြန်မာနိုင်ငံရှိ ရုံးများ၊ လုပ်ငန်းများတွင် နှစ်ပေါင်းများစွာ သုံးစွဲခဲ့သော မြန်မာ လက်နှိပ်စက် လက်ကွက်ကို အခြေခံ၍ အနည်းငယ်မျှသာ ပြောင်းလဲထားသည် ဖြစ်ရာ မြန်မာလက်နှိပ်စက် ရိုက်ဖူးသူတိုင်း အခက်အခဲမရှိ ရိုက်နိုင်မည် ဖြစ်ပါသည်။




ဧရာ keyboard layout

ယခင် ကွန်ပြူတာ ASCII Charater ခေတ်က မြန်မာစာလုံးများ ရိုက်ရာတွင် ဥပမာအားဖြင့် အက္ခရာ မ ကို ဝဆွဲ၊ ဟထိုးတို့နှင့် တွဲရိုက်လိုပါက ဝဆွဲနှင့် ဟထိုး တွဲထားပြီးသား လက်ကွက်ကို ရှာဖွေ၍ ရိုက်ခဲ့ရပါသည်။ ယခု ဧရာတွင် ထိုကဲ့သို့ ရှာဖွေ ရိုက်ရန် မလိုတော့ပါ။ မ၊ ဝဆွဲနှင့် ဟထိုးတို့ကို အစဉ်လိုက် ရိုက်လျှင် ဧရာက အလိုလို တွဲပေးပါလိမ့်မည်။

နောက်ဥပမာတခုမှာ ယရစ် (ြ) အသုံးကို ခချေးနှင့်တမျိုး၊ ကကြီးနှင့် တဖုံ ယရစ် အကြီးအသေး ခွဲခြား၍ ရှာဖွေရိုက်ရန် မလိုတော့ပါ။ ယရစ်အသေး တခုတည်းနှင့်သာ တွဲရိုက်ပါ။ ယရစ် အကြီးအသေးကို ဧရာက အလိုလို ခွဲခြား ပေးသွားပါသည်။ တချောင်းငင် အတိုအရှည်ကိုလဲ ခွဲခြား ရှာဖွေရိုက်ရန် မလိုတော့ပါ။ အတိုကိုသာ ရိုက်လိုက်ပါက ရှည်ရန် လိုသောအခါ ဧရာက အလိုလို ပြုပြင်ပေးသွားပါ လိမ့်မည်။ နမူနာစာရိုက်နည်းကို အောက်တွင် ရှင်းပြထားပါသည်။

## ၁။ အသုံးပြုပုံ

ညွှန်ကြားရေးမှူးချုပ် = ည + ွ + ှ + န + ် + ြ + က + ာ + း + ေ + ရ + း + မ + ှူ + း + ခ + ျ + ု + ပ + ်

အပြုသဘော = အ + ြ + ပ + ု + သ + ေ + ဘ + ာ

အပြီးအတိုင် = အ + ြ + ပ + ီ + း + အ + တ + ိ + ု + င + ်

သိင်္ဂီ = သ + ိ + ဂ + င်္ + ီ
သင်္ကြန် = သ + ြ + က + င်္ + န + ်
တာဝတိံသာ = တ + ာ + ဝ + တ + ိ + ံ + သ + ာ
ဘဏ္ဍာရေးမှူး = ဘ + ဏ + AUX Key + ဍ + ာ + ေ + ရ + း + မ + ှ + ူ + း
ဍ္ဎ = ဍ + AUX Key + ဎ

## ၂။ ပါဌ်ဆင့် ရိုက်နည်း (၁)

Shift Key ဖြင့် တွဲရိုက်သော ပါဌ်ဆင့်များ

မန္တလေး = မ + န + တ + ေ + လ + း
စက္ကူ = စ + က + က + ူ
သတ္တုတွင်း = သ + တ + တ + ု + တ + ွ + င + ် + း
အိန္ဒြေ = အ + ိ + ေ + ြ + န + ဒ

## ၃။ ပါဌ်ဆင့်ရိုက်နည်း (၂)

AUX Key (¶)ဖြင့် တွဲရိုက်သော ပါဌ်ဆင့်များ

ဝတ္ထုစာအုပ် = ဝ + တ + AUX Key + ထ + ု + စ + ာ + အ + ု + ပ + ်
ဍ္ဍ = ဍ + AUX Key + ဍ
ဌ္ဌ = ဌ + AUX Key + ဌ

## ၄။ ပါဌ်ဆင့်ရိုက်နည်း (၃)

AUX Key (¶)ဖြင့် တွဲရိုက်သော ပါဌ်ဆင့်များ

က္က = က + AUX Key + က

| | | |
|---|---|---|
| ဂ္ဂ | = ဂ + AUX Key + ဂ | |
| န္တ | = န + AUX Key + တ | |
| တ္တ | = တ + AUX Key + တ | |
| ပ္ပ | = ပ + AUX Key + ပ | |
| လ္လ | = လ + AUX Key + လ | |

ဖော်ပြပါ ပုံစံများကဲ့သို့ AUX Key ရိုက်ပြီး သက်ဆိုင်ရာ အက္ခရာများကို ဆက်ရိုက်ပါက ပါဠိဆင့်များအဖြစ် အောက်သို့ အလိုအလျောက် ကူးပြောင်း ရောက်ရှိသွားမည် ဖြစ်သည်။

## ၅။ ENG Key အသုံးပြုနည်း

"ဦးရီးတော်" = ENG Key + " + ဦ + း + ရ + ီ + း + ေ + တ + ာ + ် + ENG Key + "

## ၆။ ရိုက်နည်းအမှန်အမှား အလိုအလျောက် ပြင်ပေးခြင်း

ရောလက်ကွက် ရိုက်နည်းမှ မြန်မာစာရေးထုံး သတ်မှတ်ချက်အတိုင်း အလိုအလျောက် ပြောင်းလဲ ရေးသားပေးဖြစ်သည်။

| | | |
|---|---|---|
| ကိုကို | = ကု + ိ + ကု + ိ အား ကိ + ု + ကိ + ု | = ကိုကို |
| ဈေး | = ေ + စ + ျ + း အား ေ + ဈ + း | = ဈေး |
| ၎င်း | = ၄ + င + ် + း အား ၎ + င + ် + း | = ၎င်း |
| ဝက်ဝံ | = ၀ + က + ် + ၀ + ံ အား ဝ + က + ် + ဝ + ံ | = ဝက်ဝံ |
| ရှိ | = ၇ + ှ + ိ ဖြစ်စေ၊ ၇ + ျ + ိ ဖြစ်စေ၊ ရ + ျ + ိ ဖြစ်စေ | = ရှိ |
| ဂိုး | = ၈ + ု + ိ + း ဖြစ်စေ၊ ၈ + ု + ိ + း ဖြစ်စေ | = ဂိုး |

## ၇။ ရောလက်ကွက်ရိုက်နည်းမှ

- အသတ်၊ လုံးကြီးတင်၊ လုံးကြီးတင် ဆံခတ် စသည်တို့ကို ရောရိုက်၍ မရအောင် ပြုလုပ်ထားသည်။
- တစ်ချောင်းငင်နှင့် နှစ်ချောင်းငင်ကို ရောရိုက်မရအောင် ပြုလုပ်ထားသည်။
- သေးသေးတင်နှင့် နောက်ပစ်ကို ရောရိုက်မရအောင် ပြုလုပ်ထားသည်။
- စာလုံးနှင့် ပတ်ဆင့် ကြားတွင် လုံးကြီးတင် စသည်တို့ ရိုက်ခဲ့လျှင် အလိုအလျောက် လုံးကြီးတင် စသည်တို့ကို နောက်ကိုရွှေ့ပေးသွားမည်။

ဥပမာအားဖြင့်

က + -ိ- + ¶ + က ရိုက်လျှင် ==> က + --- ¶ + က + -ိ-

သ + -ိ- + ပ + -ံ- + ¶ + ပ ရိုက်လျှင် ==> သ + -ိ- + ပ + --- ¶ + ပ + --ံ

---

## ၅။ ရော ဗီဒီယို သရုပ်ပြအစီအစဉ် (ရောစာလုံးများ ရိုက်ခြင်း)




လိပ်စာပါက- www.ayarunicodegroup.org
eMail : info@ayarunicodegroup.org တို့သို့ ဆက်သွယ်ပါ။

www.ayarunicodegroup.org
eMail : info@ayarunicodegroup.org